# မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်

**တာဝန်ရှိမှုနှင့် အခွင့်အရေး**

International Contact
Burma Office - Japan
101-0062
3F, Sohyo Kaikan
3-2-11, Kanda-Surugadai
Chiyoda-Ku Tokyp Japan
Te;: 81 3 5296 3010
Fax: 81 3 5296 7903

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်၏ (၁၀၀) ကြိမ်မြောက် ညီလာခံကျင်းပခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (၁၀၀)ကြိမ်မြောက်ညီလာခံအား ၂၀၁၁ ခုနှစ် ဇွန်လ (၁) ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပါသည်။

မြန်မာပြည်တွင် ဆက်လက်ဖြစ်ပွားလျှက်ရှိသည့် အဓမ္မလုပ်အားပေးစေခိုင်းခြင်းဆိုင်ရာ ချိုးဖောက်မှုများအား အဖွဲ့ဝင်နိုင်ငံများမှ နေ၍ အထူးကိစ္စတရပ်အဖြစ် ဆွေးနွေးသွားရန်ရှိပါသည်။ ဆွေးနွေးမည့်ရက်အား ညီလာခံအစီအစဉ်တွင် ထည့်သွင်းသတ်မှတ်ပြီးဖြစ်သည်။ ထိုကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့်ချိုးဖောက်မှုဆိုင်ရာ ကိစ္စများအား ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်၏ ညီလာခံတွင် အထူးကိစ္စတရပ်အဖြစ် ရက်သတ်မှတ်ကာ ဆွေးနွေးရခြင်းသည် မြန်မာနိုင်ငံနှင့်နိုင်ငံသားတို့အတွက် ရှက်ဖွယ်ကိစ္စဖြစ်ပါသည်။

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (**FTUB**)သည် မဆလ၊နအဖလက်ထက် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများ၊ အဓမ္မလုပ်အားပေးခြင်းကိုကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်နေမှုများ၊ အလုပ်သမားရေးတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးခြင်း စသည်တို့ကို ၁၉၉၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်၏ (၈၀) ကြိမ်မြောက်ညီလာခံမှစ၍ အစီရင်ခံ တင်ပြခြင်း၊ ကန့်ကွက်ရှုံ့ချ ခြင်း တို့ကို နှစ်စဉ် ညီလာခံသို့ တင်သွင်းရှင်းလင်းခဲ့ပါသည်။

ကလေးစစ်သားအဓမ္မစုဆောင်းမှု၊ အဓမ္မလုပ်အားပေးစေခိုင်းခြင်း၊ ဥပဒေအရအရေးယူပေးရန် တိုင်ကြားသူများနှင့် စေခိုင်းမှုကိုငြင်းဆန်သူများအား အနှောင့်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရပ်ပိုင်းဆိုင်ရာ နာကျင်စေခြင်း၊ အစုလိုက်အပြုံလိုက် အဓမ္မနေရာပြောင်းရွှေ့စေခြင်း၊ လယ်ယာမြေများ မတရားသိမ်းယူခြင်းနှင့် ဒုက္ခသည်များအား တိုးပွားလာစေခြင်းစသော ကာလရှည်ကြာစွာကပင် ရှိနေခဲ့သည် အခြေခံလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများသည် မြန်မာနိုင်ငံအတွင်း၌ ဆက်လက်ဖြစ်ပေါ်တည်ရှိနေဆဲပင်ဖြစ်သည်။ ချိုးဖောက်မှုများသည် ယခု ၂၀၁၀ အတုအယောင် ရွေးကောက်ပွဲမှ တက်လာသည့် ဦးသိန်းစိန်အစိုးရ လက်ထက်တွင်လည်း ဆက်လက်ဖြစ်ပွားလျှက်ရှိပါသည်။

ဤအချက်များအား အခြေခံ၍ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံလူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးကိုယ်စားလှယ် ကွင်တားနား မှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ယခင်က ၄င်း အကြိမ်ကြိမ်ဖော်ပြခဲ့သည့်အတိုင်း အဓမ္မလုပ်အားပေးစေခိုင်းခြင်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ရှိနေခြင်းကို နောက်ထပ်အစီရင်ခံစာတစ်စောင်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ ထိုအစီရင်ခံစာအရ အချို့သော ချိုးဖောက်နေမှုများသည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး (**International Criminal Court**)၏ ဥပဒေတွင် ဖော်ပြထားသည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှု (သို့မဟုတ်) စစ်ရာဇဝတ်မှု မြောက်သော အနေအထားတွင် ရှိနေပါသည်။

သို့ဖြစ်သောကြောင့် မြန်မာနိုင်ငံအရေးကိစ္စများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်၏ ညီလာခံအစီအစဉ်များတွင် အမြဲတမ်း ပါဝင်ခဲ့ခြင်းဖြစ်သည်။ ထိုအချက်သည် စစ်အာဏာရှင်အစိုးရမှ ပြည်သူလူထုအား မတရားဖိနှိပ်ချုပ်ခြယ်နေခြင်းကို အပြည်ပြည်ဆိုင်ရာလူအဖွဲ့အစည်းများမှ သိရှိနေပြီဖြစ်ကြောင်း ညွှန်ပြနေပေသည်။

နအဖစစ်အုပ်စုသည် နိုင်ငံတကာနှင့်ပြည်သူလူထုမှ လက်မခံနိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်၊ ဒီမိုကရေစီနည်းကျ ရွေးချယ်ထားခြင်းမဟုတ်သည့် လွှတ်တော်တရပ်ကို (၁၈) နှစ်ကြာအချိန်ယူ၍ ပြင်ဆင်၊ ဖွဲ့စည်းခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် ညီလာခံ၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများအား လိုက်နာခြင်းရှိ၊ မရှိအား စစ်ဆေးသည့် ကော်မတီ၏ မြန်မာပြည်အရေး အထူးဆွေးနွေးပွဲတွင် မြန်မာ စစ်အုပ်စု ကိုယ်စားလှယ်တစ်ဦးမှ အစိုးရအဖွဲ့သည် အလုပ်သမားဥပဒေပြင်ဆင်ရေးဆွဲရေးလုပ်ငန်းစဉ်အား စတင်နေပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဤပြောဆိုချက်သည် ကမ္ဘာ့အလုပ်သမားရေးရာအဖွဲ့ချုပ်ညီလာခံ မစတင်မီ ရက်အနည်းငယ် အတွင်းတွင် အရေးပေါ်ဖြေရှင်းနည်းအဖြစ် အမြဲတစေ အသုံးပြုသည့် နည်းနာတစ်ခုသာ ဖြစ်ပါသည်။

ယခုအကြိမ်(၁၀၀)မြောက် ညီလာခံမတိုင်မီတွင် ၂၀၁၁ အတုအယောင်ရွေးကောက်ပွဲမှ တက်လာသော အစိုးရသစ်သည် အလုပ်သမားဥပဒေတစ်ခုအား ကြေငြာထုတ်ပြန်လာနိုင်သည်ဟု မျှော်လင့်ရန် ရှိပါသည်။ ထိုထုတ်ပြန်ကြေညာချက်သည် FTUB မှ ITUC နှင့် အလုပ်သမားကိုယ်စားလှယ်များမှတဆင့် ညီလာခံသို့ တင်ပြခဲ့သည့် **အလုပ်သမား၊ လယ်သမားများမှ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့် အခွင့်အရေးကို ပိတ်ပင်ချိုးဖောက်သည့် မြန်မာစစ်အစိုးရအား စုံစမ်း စစ်ဆေးရေး ကော်မရှင်ဖွဲ့၍ စစ်ဆေးရန်** တင်ပြတောင်းဆိုမှုအား တုံ့ပြန်ရန်ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်လာခြင်းသာ ဖြစ်ပါလိမ့်မည် ။

အစိုးရများ၊ အလုပ်ရှင်များနှင့်အလုပ်သမားကိုယ်စားလှယ်များအနေဖြင့် ဆယ်စုနှစ် ၂ စု တာကာလအတွင်း နအဖစစ်အုပ်စုမှ ကတိကဝတ်များအကြိမ်ကြိမ်ပေးခဲ့သော်လည်း အမှန်တကယ်လိုက်နာဆောင်ရွက်ခြင်းမရှိသည့် အောက်ပါ အချက်အလက်များကို သတိပြုသင့်ပါသည်။

- ၁၉၉၁ ခုနှစ် – **အလိုအလျောက်ပျက်ပျယ်လိမ့်မည်** ဖြစ်သော ၁၉၀၇ ခုနှစ် ဥပဒေပုဒ်မ (၆) နှင့် ၁၈၇၆ ခုနှစ် ဥပဒေ ပုဒ်မ (၅) တို့အား တရားဝင် ထပ်မံဖြည့်စွက်ပြင်ဆင်ခြင်း ပြုရန် မလို ဟူ၍ အိုင်အယ်အိုသို့ ဆက်သွယ် အကြောင်းကြားချက်။
- ၁၉၉၂ ခုနှစ် – မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် အလုပ်သမား ဥပဒေအား အသစ်ပြန်လည်၍ မူကြမ်းရေးဆွဲနေပြီး ထိုဥပဒေတွင် အလုပ်သမားသမဂ္ဂအခွင့် အရေးများ ပါဝင်စေမည်။
- ၁၉၉၈ ခုနှစ် – စုံစမ်းစစ်ဆေးရေးကော်မတီမှ တင်ပြထားသည့် အကြံပြုတိုက်တွန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မည်။
- ၂၀၀၉ ခုနှစ် – နိုင်ငံတကာစံချိန်စံနှုန်းများ လိုက်နာခြင်းရှိ၊ မရှိ စစ်ဆေးရေး ကော်မတီမှ နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အဓမ္မလုပ်အားခိုင်းစေမှုကို ခွင့်ပြုထားသည့် ပုဒ်မ (၃၅၄) နှင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှုကို ကန့်သတ်ထားသည့် ပုဒ်မ (၃၅၉) တို့အား ပြင်ဆင်ရန် တောင်းဆိုထားချက်များ။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်ညီလာခံနှင့် ညီလာခံကိုယ်စားလှယ်များအနေဖြင့် မြန်မာ အာဏာပိုင် များသည် ILO ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ မြန်မာစစ်အစိုးရအား အကောင်အထည်ဖော်ဆောင်ရန် အကြံပြုချက်များအား လိုက်နာဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိအား သုံးသပ်မှုပြုပါရန် FTUB မှ အလေးအနက် တောင်းဆိုပါသည်။

ဦးသိန်းစိန် အစိုးရမှ ILO ညီလာခံကျင်းပခါနီးတွင် အချိန်ကိုက်ထုတ်ပြန်မည့် အလုပ်သမားဥပဒေသည် လက်ခံနိုင်စရာ မရှိပါ။ ၄င်း၏ မဟာမိတ်များဖြစ်သည့် တရုတ်နှင့်အိန္ဒိယတို့မှ ထောက်ခံပါလိမ့်မည်။ စစ်အာဏာရှင်တို့ အနေဖြင့် အကျိုးရလာဒ်တစ်စုံတစ်ရာရရှိစေရန်အတွက် အချိန်ကိုက် ထုတ်ပြန်လာသည့် အလုပ်သမား ဥပဒေအသစ်သည် လွတ်လပ်သောအလုပ်သမားသမဂ္ဂများ၊ လယ်သမား သမဂ္ဂများ၊ ဝန်ထမ်းသမဂ္ဂများ ဖွဲ့စည်းပြီး စုပေါင်းတောင်းဆိုခြင်းအခွင့်အရေးကို လွတ်လပ်စွာလက်တွေ့ကျင့်သုံးနိုင်မှသာလျှင် အသိအမှတ်ပြုသင့်သည်။

အခြေခံအလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ရှိနေပြီး၊ နိုင်ငံရေးအကျဉ်းသား ၂၂၀၀ နှစ်ထောင့်နှစ်ရာနှင့် အလုပ်သမားရေးတက်ကြွလှုပ်ရှားသူ (၅၄) ငါးဆယ့်လေးဦး တို့ အကျဉ်းထောင်ထဲတွင် ရှိနေဆဲကာလတွင် ရေးဆွဲထုတ်ပြန်မည့် အာဏာရှင်အစိုးရ၏ ၂၀၁၁ ခုနှစ် လုပ်သမားဥပဒေအား FTUB အနေဖြင့် လုံးဝ လက်ခံမည် မဟုတ်ပါ။

**ILO** ၏ ပြဋ္ဌာန်းချက် (၈၇) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်ကို လိုက်နာဆောင်ရွက်ရန် ငြင်းပယ်နေသည့် မြန်မာနိုင်ငံရှိ အာဏာရှင် အစိုးရအား စုံစမ်းစစ်ဆေးရန် **ILO** စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုအား ဖွဲ့စည်းခြင်းကို (၁၀၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် ညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် ထောက်ခံပါရန် **FTUB** မှအလေးအနက်တောင်းဆိုလိုက်ပါသည်။

ဆက်သွယ်ရန် – ဦးမောင်မောင် – ၆၆ ၈ ၆၀ ၉၀ ၅၆၇၂
ဒေါက်တာဇော်ဝင်းအောင် – ၉၁ ၉၈၇ ၁၅၇ ၈၅၆၉

နေ့စွဲ။ ။ ၂၀၁၁ ခုနှစ် မေလ ( ၁၈ ) ရက်။